www.burmeseclassic.com

# ဗုဒ္ဓသာသနာ ၂၅၀၀ ခရီး

## နိဒါန်း

သဗ္ဗညု မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူ သည့်နှစ်ကို သာသနာသက္ကရာဇ် ၁ နှစ်ဟူ ၍ စတင် ရေတွက်ခဲ့ရာ ယခုအခါ သာသနာသက္ကရာဇ် နှစ်ပေါင်း ၂၅၀၀ ကျော်လေပြီ ။ ဤ မျှ ရှည်လျားသော နှစ် ပရိစ္ဆေဒ ကာလအတွင်း ဖြတ်သန်းချီတက်လာခဲ့ရသော ဗုဒ္ဓသာ သနာ တော် ၏ ၂၅၀၀ ခရီးလမ်းမတလျှောက် ပြန်လည်မျှော်ကြည့် ၍ အတိတ်ကိုလှန် ဇာတ်ကြောင်း ပြန်ရပါ မူ ရွှင်လမ်း အားတက်ဖွယ် ၊ ဝမ်းနည်းကြေကွဲဖွယ် ၊ အံ့သြထိတ်လန့်ဖွယ် ၊ အောက်မေ့ တသ လွမ်းစွတ်ဖွယ် တို့နှင့် ပြည့်လျှမ်းနေသော ဝတ္ထုရှည်ကြီးတပုဒ်နှင့် တူလှပေတော့သည် ။ သာသနာ ၂၅၀၀ ခရီးစဉ် သမိုင်းတလျှောက် ဌ ဗုဒ္ဓသာသနာတော်သည် မှိန်ခဲ့တခါ သာ ချီတလှည့် ဖြစ်ခဲ့ရ၏ ။ ငှက်ခါးပြန်သလို နိမ့်တုံမြင့်တုံ ကြုံခဲ့ရသည် ။ ခေတ်အဆက်ဆက် အတွင်း ရန်သူ အပြင်ရန်သူတို့၏ တိုင်ခိုက်ထိုးနှက်ချက်များနှင့် ရင်ဆိုင်ခဲ့ရသည် ။ အဖျက်အဆီးများဖယ်ရှား ၍ အတားအဆီးများ ကိုဖြတ်ကျော်ခဲ့ရသည် ။ သာသနာပြင်ပ အညတိတ္ထိယတို့သည် ရံခါပြင်ပမှဂါဒချင်းယှဉ်ပြိုင် တိုက်ခိုက်ခဲ့ကြ ၍ ရံခါသာသနာအတွင်း ဝင်ကာ ပူသတ်ခဲ့ကြသည် ။ သာသန ဝန်ထမ်းရဟန်းတော်များအထဲမှာလဲ သာသနာ့ ရန်ဆူး ရန်ငြောင့်များ ပေါ်ထွက်ခဲ့ပြန်သည် ။ အသားထဲမှလောက်ထွက်၍ သံကိုသံဖျက် သံချေး တက် ခဲ့ သည် ။ ယင်းသာသန ဆူးငြောင့်ခလုပ်များကို ဖယ်ထုတ်ရာမှ ဂိုဏ်းကွဲများဖြစ်ပေါ်ခဲ့ရသည်။ ဆေးကြောဖယ်ရှားပြစ်လိုက်သောအညစ်အကြေးများကပင် အင်အားစုကာ တစထောင်လာကြ ပြန်သည် ။

ဗုဒ္ဓသာသနာတော်သည် ရံခါ သာသနာ့ဒါယကာ ဘုရင်မင်းမြတ်တို့၏ ချီးမြှောက် ထောက်ပံ့မှု ခံရ၍ ရံခါဆန့်ကျင်ဘက်ဘုရင်တို့၏ ဖိနှိပ်ညှဥ်းပန်း မှုခံခဲ့ရသည် ။ရံခါ လျစ်လျူ ရှု ခြင်း ခံခဲ့ရ၍ ရံခါပြည်နှင်ဒဏ် ခတ်ခြင်းကိုခံခဲ့ရသည် ။ တခေတ်တခါက ဗုဒ္ဓဘာသာ ကိုးကွယ် ပါ မှ ခေတ်မီသည်ဟုယူစခဲ့ကြရာမှတဖန် တခေတ်ပြောင်းလာသောအခါ ဗုဒ္ဓဘာသာကို ခေတ် နောက်ကျ သည်ဟုယူဆလာကြပြန်သည် ။ ဘုရင်မင်းမြတ်တို့၏ ဘွဲ့တံဆိပ် နာမ ကို ပါဠိ ဘာသာ ဖြင့် ခံယူကြ၍ စကားပြောရာ၌ ပင်ပါဠိစကားလုံးများများ ညှပ်ပြောနိုင်မှ ဂုဏ်ရှိသည် ဟု ယူဆခဲ့ကြရာမှ တဖန်အခြားခေတ်တခု၌ ပါဠိဝေါဟာရကို တတ်နိုင်သမျှ ရှောင်ကွင်း ဖယ် ထုတ်ရန် ကြိုးပမ်းကြပြန်သည် ။

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် တခေတ်တခါက အနောက်သို့လားသော် ဂန္ဓာရ တိုင်း ခေါ် ပါကစ်စတန်ပြည် ၊ အာဖဂန်နစ္စတန်ပြည် ၊ ခိုတန်ခေါ်တာကစ်စတန်ပြည် နှင့် ယောနကာလောက ခေါ်သောတူရကီ ၊ ဂရိ နိုင်ငံများအထိပြန့်နှံ့ထွန်းကားခဲ့သည် ။ ဂင်္ဂါမြစ်မှ ဖော်ဂါမြစ် သို့တိုင်အောင် သာသနာရောင်ဝါထွန်းကားခဲ့ပေသည် ။ မြောက်သို့လားသော် ဆစ်ကင်းပြည် ၊ ဘူတန်ပြည် ၊ တိဗက်ပြည် ၊ မွန်ဂိုလျပြည် ၊ တရုတ်ပြည် ၊ ဆိုဗီရက်ရုရှားနိုင်ငံ

ဆိုက်ဗေရီး ယားအထိ ပြန့်နှံခဲ့၍ ယခုတိုင်ဆက်လက်တည်ရှိနေဆဲဖြစ်သည် ။ အရှေ့ သို့ လားသော် သုဂဏ္ဏဒီပခေါ်(အင်ဒိုနီးရှား)နှင့် သုဂဏ္ဏဘုမ္မိခေါ် မြန်မာနိုင်ငံ ၊ ထိုင်း ၊ လာအို ၊ ကမ္ဘောဒီးယား ၊ ဗီယက်နမ် ၊ ကိုရီးယား ၊ ဂျပန်အထိ ပြန့်နှံ့၍ ယခုထိအချို့နိုင်ငံများ ၌ သာသနာတည်ရှိနေလေသည် ။
ဤသို့လျှင် နေမဝင်သော ဗုဒ္ဓနိုင်ငံတော်ကြီးတည်ရှိခဲ့ပုံကို ပြန်လည်မှန်းဆကြည့် နိုင်ရန် ရာစုနှစ်အလိုက် အတိတ်ကို လှန်၍ ဇတ်ကြောင်းပြန်ပါမှ -

## သာသနာနှစ် - ၁ (အ စ )

ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်းကြီး ၏ ကာကွယ်စောင့်ရှောက် ထောက်ပံ့မှုကို ခံယူ ၍ အရှင်မဟာကဿပ ၊ အရှင်ဥပါလိ ၊ အရှင်အာနန္ဒာ အမှူးပြုသော ရဟန္တာ ၅ဝဝ တို့စုပေါင်း ညီညာ ပထမသင်္ဂါယနာ တင်တော်မူခဲ့ကြသည် ။ ဘုရားဟောဒေသနာတော်ကို နတ်ပယ် ဖြည့်စွက် ပြင်ဆင်ခြင်းမပြုကြရန် မှ ချမှတ်တော်မူခဲ့ကြသည် ။

## သာသနာနှစ် - (၁) ရာစု

ဝေသာလီပြည် တွင်ကောသလမင်းကြီး၏ အထောက်အပံ့ခံယူ၍ အရှင်မဟာယသ နှင့်တကွ ရဟန္တာမထေရ် ၇ဝဝ တို့ဒုတိယ သင်္ဂါယတနာတင်ခဲ့ကြသည် ။ ဂိဇီ တိုင်းသားရဟန်း များ သည်ဂိနည်းတော် ကို ပြင်ဆင်ဖြည့်စွက်လိုကြ၍ မဟာသံဃိက ဂိုဏ်း အဖြစ်သီး ခြားခွဲ ထွက် ခဲ့ကြသည် ။

## သာသနာနှစ် - (၂) ရာစု

မဟာသံဃိကဂိုဏ်း ၏ ရှေ့ဆောင်လမ်းပြမှုကြောင့် ဂိုဏ်းကွဲများ ဆက်ကာဆက်ကာ ပေါ်ထွက်ခဲ့သည်။ မဟာသံဃိကဂိုဏ်း မှ ဂိုဏ်းကွဲ ၅ခု ထွက်ပေါ်ခဲ့၍ ထေရဝါဒမှ ၁၁ ဂိုဏ်း ကွဲ ထွက်ပြန်သည်။ ဂိုဏ်းကွဲ အသေး အဖွဲ့များကိုပါ ထည့်သွင်းရေတွက်ပါက သံဃာဂိုဏ်းပေါင်း ၃ဝ အထက် အကွဲ အပြဲခေတ်စားခဲ့ သည်။
ထိုခေတ်က မြန်မာနိုင်ငံ သရေခေတ္တရာမြို့တွင် ဗုဒ္ဓသာသနာထွန်းကား၍ ဒွတ္တပေါင် မင်းကြီးလက်ထက် စေတီကြီး ၆ ဆူ တည်ခဲ့ကြောင်း မြန်မာ့သမိုင်း၌ ပြဆိုထားသည် ။

## သာသနာနှစ် - (၃) ရာစု

အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးပြုသော ရဟန္တာ ရှင်မြတ် ၁ဝဝဝ တို့သည် အာသောက မင်းကြီးကာကွယ်စောက်ရှောက် ထောက်ပံ့ မှုခံယူ၍ တတိယ သင်္ဂါယနာ တင် တော်မူခဲ့ ကြသည် ။ ဗုဒ္ဓဘာသာဂိုဏ်း ကွဲ အယူဂါဒအားလုံးကို ထေရဂါဒ ဘက်မှပြန် လည် ဖြေရှင်း ပယ်ဖျက်နိုင်နင်းသော ကထာဂတ္ထုကြမ်းကြီးကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်က ရဟန်းတော် ၁၂ သိန်းတို့ ၏အလည်၌ ဟောကြားတော်မူခဲ့သည်။ အနောက်သို့

www.burmeseclassic.com

www.burmeseclassic.com

လားသော် ဂန္ဓာရတိုင်းနှင့် တူရကီ ဂရိတ်တို့ ဒေသ ယာနကလောကိုင်အောင် ၎င်း အရှေ့ သို့လားသော် သုဂဏ္ဍာဘူမိခေါ် မြန်မာနိုင်ငံ နှင့် ထိုင်းနိုင်ငံတိုင်အောင်၎င်း တောင်သို့လားသော် သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းတိုင်အောင်၎င်း မြောက်သို့လားသော် ဟိမဝန္တာတောင်တန်းဒေသ တိုင်အောင် ၎င်း ဗုဒ္ဓသာသနာတော်ပြန့်နှံ့စေရန် ရဟန္တာမထေရ်ကြီးများ၏ အမိန့်အရ အာသောကမင်းကြီးသည် ၉တိုင်း ၉ဌာန သို့ သာသနပြုစေလွှတ်ခဲ့သည် ။

## သာသနာနှစ် - (၄) ရာစု

အိန္ဒိယပြည်တွင် ဗုဒ္ဓသာသနာတော်ကို ချီးမြှင့် ထောက်ပံ့သော သာသနာ့ဒါယကာ မောရိယမင်းဆက် ပြုတ်၍ ဗြဟ္မဏ ဘာသာဝင် ဘုရင်များနန်းတက်ခဲ့သည် ။ ဗြဟ္မဏ ဘုရင် တို့၏ နှိပ်စက်မှုကြောင့် ဟီနယာန သဗ္ဗတ္တိဝါဒဂိုဏ်း မှာ အိန္ဒိယအနောက် ပိုင်းသို့ပြေးခဲ့ရ၍ ထေရဝါဒဂိုဏ်းမှာ အိန္ဒိယတောင်ပိုင်း ဆံချီသို့ ရွှေ့ခဲ့ရသည် ။ ဗြဟ္မဏ ဘုရင်တို့သည် သက္ကတ ဘာသာကို ဦးစားပေးရာ ၎င်း တို့၏မျက်နှာသာပေး ခံလို မှုကြောင့် ဟီနယာန သဗ္ဗတ္တိ ဝါဒဂိုဏ်း သည် ဘုရားဟောပါဠိတော်များကို ပါဠိဘာသာမှသက္ကတဘာသာသို့ပြောင်းလဲ ခဲ့ကြသည် ။ ထိုခေတ်မှာပင် သီဟိုဠ်ကျွန်းကို စောဠတိုင်းမှ ဧဠာရမည်သော ဗြဟ္မဏဘုရင် သည် ကျူးကျော်တိုက်ခိုက် သိမ်းပိုက်၍ ဗုဒ္ဓသာသနာတော်ကို နှိပ်စက်ဖျက်ဆီးခဲ့သည် ။ ဒုဋ္ဌဂါမဏိ မင်းကြီးက မိစ္ဆာဒိဋ္ဌိ ကျေးကလားတို့ကို တိုက်ခိုက်နှိမ်နင်း၍ ဗုဒ္ဓသာသနာတော် ကို ကာကွယ်စောက်ရှောက် ချီးမြှင့်ခဲ့ သည် ။

## သာသနာနှစ် - (၅) ရာစု

ပန်ဂျပ်ပြည်နယ် သာဂလမြို့တော်တွင် ဂရိတ်နွယ်ဝင် မိလိန္ဒမင်းကြီး၏ အမေးကို ရဟန္တာ အရှင်နာဂသိန် ကဖြေဆိုသောမိလိန္ဒပဉှာ ပါဠိတော်ကျမ်းကြီးပေါ်ထွန်းခဲ့သည် ။ သီဟိုဠ်ကျွန်းတွင် ဗြာဟ္မဏအနွယ်ဝင်များ သူပုန်ထ၍ တမီလ်စစ်တပ် ၏ကျူးကျော်ဝင်ရောက် နှိပ်စက်မှုကို ၁၄နှစ်ခံစားခဲ့ကြရသည် ။ ဝါဋ္ဋဂါမဏိမင်းကြီးက နှိမ်းနင်းတိုက်ခိုက်အောင်မြင် ၍ တိုင်းပြည် အေးချမ်းအောင်မြင်သောအခါ ပါဠိတော်နှင့် အဋ္ဌကထာ ပိဋကတ်ကျမ်းစာများကို စတုတ္ထသင်္ဂါယနာတင်၍ ပေထက်အက္ခရာတင်တော်မူခဲ့ကြသည် ။

## သာသနာနှစ် - (၆) ရာစု

ဂျေရုစလင်မြို့တွင် ခရစ်ရန်ဘာသာကို စတင်တည်ထောင်သော ခရစ်တော် ပေါ်ထွန်း ခဲ့သည် ။ ဂန္ဓာရတိုင်းတွင်ထေရဝါဒ သာသနာတော်အပေါ် ဟီနယာန သဗ္ဗတ္တိဝါဒဂိုဏ်းက လွှမ်းမိုးလာ သည်။

www.burmeseclassic.com

## သာသနာနှစ် - (၇) ရာစု

ဂန္ဓာရတိုင်း ပက်သျှဂါမြို့တွင် သကမင်းစိုးစံသည် ။ အိန္ဒိယပြည် မထုရာ ၊ ဥဇ္ဇေနီ ၊ ဒက်ကန်ဒေသ သို့တိုင်အောင် အာဏာစက်ပြန့်နှံ့ ခဲ့သည် ။

သရေခေတ္တရာပြည် တွင် သုမုန္ဒရီမင်းက သာသနာနှစ် ၆၂၂ ကို ခေချ၍ သက္ကရာဇ် (၁)နှစ် ဟုစတင်ရေတွက်သည်။ အလားတူပင် သကမင်း များကလဲ သာသနာနှစ် ၆၂၂ ကိုချေ ၍ သကနှစ် (၁)နှစ် ဟုစတင်ရေတွက်သည် ။

သကမင်းဆက်၌ ကနိသျှကဘုရင်ကို ဒါယကာပြု၍ ဟီနယာန သဗ္ဗတ္တိဂါဒဂိုဏ်းက သင်္ဂါယနာတင်ခဲ့သည် ။ မဟာယနဂိုဏ်း က လေးစားသော အဋ္ဌကထာဆရာ အသင်္ဃဃောသ ပေါ်ထွန်းခဲ့သည်။ ဈာနီဗုဒ္ဓများနှင့် ဗောဓိသတ္တဘုရားလောင်း နတ်သားများ စတင်ပေါ် ပေါက်ခဲ့သည် ။

သာသနာနှစ် ၆၀၈ ခုနှစ် တပေါင်းလပြည့်နေ့ ညတွင် မင်တီအမည်ရှိ တရုတ်ဘုရင် ကြီးသည် ထူးဆန်းသောအိမ်မက်ကို မြင်မက်သည် ။ အရက်တော် ၁၆ပေရှိ ဦးခေါင်းတော်တွင် ရောင်ခြည်တော် စက်ဝန်းထွန်း လင်းနေသော ပုဂ္ဂိုလ်ထူး တဦးသည် ရွှေသင်္ကန်းရုံလျှက် မင်းကြီးရှေ့မှောက် ကြွရောက်လာသည်ဟု အိမ် မက် မြင်သည် ။ ထိုအိမ်မက်နှင့် ဆက်လျဉ်း၍ ပညာရှိတရုတ်အမတ် ကြီးများက မဇ္ဈိမဒေသတွင် သဗ္ဗညု ဘုရား ပွင့်ထွန်းပေါ် ပေါက်ခဲ့ကြောင်းကို ၊ သာသနာနှစ် ၁၀၀၀ နောက်၌ တရုတ်ပြည် တွင် ဗုဒ္ဓသာသနာ တော် ထွန်းလင်းမည်ဟု ဗျာဒိတ်တော်ထားခဲ့ကြောင်းကို လျှောက်ထားရာ တရုတ်ဘုရင်သည် ဗုဒ္ဓရုင်တော်မြတ်ဘုရားကို ပင့်ရန် အနောက်ဘက်တိုင်းပြည်များသို့ တမန်တော်များစေလွှတ်သည် ။ခိုတန်ပြည်သို့ရောက်သော အခါ အရှင်ကဿပ မာတင်္ဂ (မိုထင်)ကို တွေ့၍ တရုတ်ပြည်သို့ပင့်ခဲ့သည် ။ ဗုဒ္ဓပုံတော်ကို ပိတ်ဖြူပေါ်တွင်ရေး၍ ပိဋကတ်ကျမ်းစာများ နှင့်အတူတကွ မြင်းဖြူထက်၌ တင်ဆောင်၍ ပင့်ခဲ့ကြသည် ။

## သာသနာနှစ် - (၈) ရာစု

နာဂ္ဂအဇ္ဇုန ရဟန်းတော်သည် နဂါးပြည်မှ ပိဋကတ်များရရှိ ခဲ့သည်ဟုဆို ၍ မဇ္ဈိမက သုညဂါဒကျမ်းများကို ရေးသားသည် ။ ၎င်းမှ မဟာယနဂိုဏ်းပေါ်ထွန်းခဲ့သည် ။

အိန္ဒိယပြည်တပြည်လုံးတွင် မဟာယန ဂါဒပြန့်နှံ့သည် ။ သီဟိုဠ်ကျွန်းတွင် ဝေါဟာရတိဿမင်းက ဝေတုလ္လပိဋက (သဒ္ဓမ္မပုဏ္ဍရိကကျမ်း)ကို မီးရှို့ဖျက်ဆီး၍ မဟာယနဂိုဏ်းကို တိုင်းပြည်မှ နှင်ထုတ်ခဲ့ သည် ။

## သာသနာနှစ် - (၉) ရာစု

သီဟိုဠ်ကျွန်းတွင် မဟာသေနမင်းသည် အဘယဂိရိကျောင်းနေ မဟာယန ရဟန်းတော်များကို ကြည်ညို၍ ထေရ ဂါဒဂိုဏ်း ၏ ဗဟိုဌာန ဖြစ်သော မဟာဂိဟာရကျောင်းနေ ရဟန်းများကို စွမ်းမလောင်းစေရ စွမ်းလောင်းသူကို ဒဏ်ငွေ ၁၀၀ ပေးဆောင်စေရသည် ။ အဋ္ဌဂါမဏိ

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီး တည်ဆောက်ခဲ့သော လောဟပါသာဒ ကြေးပြာစသာဒ် ကျောင်းတော် ကြီးကိုဖျက်ဆီးသည် ။ ကျောင်းတိုင်ပါ နတ်စေ ၍ ကျောင်းဂန်း ကိုပြောင်းခင်းလုပ်စေခဲ့သည် ။
အိန္ဒိယ ပြည်တွင် ကလိင်္ဂတိုင်း ဒွန္တပူရ မြို့တွင် ဂုဟာသီဝမင်းကို ဟိန္ဒူ ဘုရင်များက တိုက်ခိုက်ရာ ဂုဟာသီဝမင်း စစ်ပွဲ ၌ကျဆုံးသည် ။ ဟေမမာလာသည် မြတ်စွာဘုရား၏ စွယ်တော်ကို ဆံထုန်းကြား၌ ပုက်ယူ၍ သီဟိုဠ်ကျွန်းသို့ ထွက်ပြေးခဲ့ရ သည် ။ သီဟိုဠ် ဘုရင် ကိတ္တိသိရိမေဃ မင်းက ကြိုဆိုလက်ခံ ၍ စွယ်တော်ကိုထိမ်းသိမ်း စောက်ရှောက်ခဲ့ ရာ ယနေ့အထိ သီဟိုဠ်ကျွန်း စွယ်တော်တိုက် ၌ ဆက်လက်တည်ရှိနေသည် ။

## သာသနာနှစ် - (၁၀) ရာစု

မဟာယန ဂိညာဏဝါဒဂိုဏ်းကို စတင်တည်ထောင်သော ကျမ်းပြုဆရာ အသင်္ဂနှင့် ဂသုဗန္ဓုတို့ညီနောင်နှစ်ပါးပေါ်ထွန်းခဲ့သည် ။ အိန္ဒိယပြည်တွင် ဂုတ္တမင်းများက နာလန္ဒ တက္ကသိုလ်စသော မဟာယန တက္ကသိုလ် ကျောင်းကြီးများ တည်ထောင်ပေးသည် ။
ဂုတ္တမင်းများမှာ ဟိန္ဒူဘာသာဂင်များဖြစ်ကြ ၍ ထိုခေတ်အိန္ဒိယ ပြည် ဗုဒ္ဓဘာသာမှာလည်း ဟိန္ဒူဂါဒနှင့် ညီအကို ဖြစ်နေသည် ။ ထေရဂါဒဂိုဏ်း ၌ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ ပေါ်ထွန်းသည် ။ အိန္ဒိယပြည်သား ရဟန်းတော်များသည် တရုတ်ပြည်သို့သာသနာပြုကြွခဲ့ကြ ၍ တရုတ်ရဟန်းတော်များလဲ အိန္ဒိယပြည်သို့ ပညာတော်သင် ကြွခဲ့ကြသည် ။
တရုတ်ရဟန်းတော်ဖာဟိယန်သည် ဂိုဘီသဲကန္တာရကြီး ကို အဖော်မပါတယောက်တည်းဖြတ်သန်းခဲ့ ၍ အိန္ဒိယပြည်အရောက် ၆ နှစ်ကြာ ခရီးနှင် ခဲ့သည် ။အိန္ဒိယပြည်တွင် ၇ နှစ်ကြာပညာသင်ခဲ့ ၍ တရုတ်ပြည် သို့ ပိဋကတ်တော်များ သယ်ဆောင်ခဲ့သည် ။ အင်ဒိုနီးရှား၊ မလေးရှား ၊ ကမ္ဘောဒီးယားတို့တွင် မဟာယန ဗုဒ္ဓသာသနာ ထွန်းကားကြောင်း မှတ်တမ်း တင်ခဲ့သည် ။ အရှင်ကုမာရဇီဝ တရုတ်ပြည် သို့ကြွရောက် ၍ သာသနာပြုခဲ့သည်။ သာသနာ့ဒါယကာ ချင်မင်း ဆက်ပြုတ်၍ မွန်ဂိုမင်း နှင့်တောင်ပိုင်း ဆွန်မင်းများက ဗုဒ္ဓဘာသာကိုညှဉ်းပန်းနှိပ် ဆက်ကြသည် ။ မွန်ဂိုဘုရင် သည်ဆင်းတုတော်များကို ဖြတ်ဆီး၍ ပိဋကတ်ကျမ်းစာများကို မီးတိုက်သည် ၊ ဘုန်းကြီးရဟန်းများကို သတ်သည် ။ ပြည်သူလူထု မကြေနပ်သဖြင့် လူထုကို နှစ်သိမ့်စေရန် ပေ ၅၀ မြင့်သော ကြေးဆင်းတုကြီး တဆူသွန်းလုပ်၍ ရွှေချပေးသည် ၊ တမြို့လျှင် ကျောင်းတိုက်တခုဆီ ဆောက်လုပ်၍ ရဟန်း ၅၀ သီလရှင် ၅၀ ပြုခွင့်ပေးပြန်သည် ။

## သာသနာနှစ် - (၁၁) ရာစု

တရုတ်ပြည်တွင် ကျောင်းတိုက်ပေါင်း ၁၃၀၀၀ ရှိ၍ မဟာယာန ဗုဒ္ဓဘာသာရွှေခေတ်ဟုခေါ်လောက်သည် ။ အရှင်ဗောဓိဓမ္မ တရုတ်ပြည် သို့ ကြွ၍ ဈင်ဂိုဏ်း ကို တည်ထောင်သည်။ ကိုရီးယားပြည် သို့ ဗုဒ္ဓသာသနာတော် စတင်ရောက်ရှိသည် ။ ဂျပန်နိုင်ငံ သို့ ဗုဒ္ဓရုပ်ပွားတော်

www.burmeseclassic.com

စတင်ရောက်ရှိသည် ။

## သာသနာနှစ် - (၁၂) ရာစု

အိန္ဒိယပြည်တွင် မဟာယာနမှ ဂိဏ္ဍယာန အဖြစ်သို့ ပြောင်းလဲခဲ့ သောဂိဏ္ဍာဘုန်းကြီးများ ခေတ်စားခဲ့သည် ။
အာရေဗျပြည် မက္ကာမြို့တွင် တမန်တော်မို ဟာမက်ပေါ်ထွန်း၍ အစ္စလမ် ဘာသာ ပေါ်ပေါက်လာသည်။ အစ္စလမ်ဘာသာဝင် အာရပ် တမျိုးသားလုံး စည်းလုံး ညီညွတ်၍ တူရကီ ၊ ပါရှား ၊ အာဖဂန်နစ်စတန် အထိအောင် နိုင်၍ အစ်စလမ် သာသနာတော် အောက်ရောက် စေခဲ့ သည် ။
တရုတ်ပြည်တွင် တန်မင်းဆက် ကော်စုဘုရင်က ဘုန်းကြီးနှင့် မယ်သီလရှင် များရှိခြင်းကြောင့် တိုင်းပြည် ၌ လူဦးရေနည်းပါး၍ စီးပွားရေးဆုတ်ယုတ် သည်ဟု ယူဆသဖြင့် ရဟန်း မဝတ်ရန် ၊ သီလရှင်မဝတ်ရန် ခြတ်ခြယ်သည် ။ ယူအန်ဆောင်ဘုရင်လက်ထပ် ၌ ရဟန်း ၁၂၀၀၀ ကိုလူထွက်စေ၍ တဖန်ထိုမင်းသည်ပင် သာသနာကို ကြည်ညို၍ သာသနာ့ ဒါယကာခံယူပြန်သည် ။တရုတ်ရဟန်းတော် ဟူရင်ဆန် (ဟီယင်ဆိုင် = ယွန်ချွန်း = ယွန်ချောင်း)သည် အိန္ဒိယ ပြည်သို့ ကြွ၍ ၁၄ နှစ်ကြာပညာသင်ခဲ့သည် ။
ဂျပန်ပြည်တွင် ဆူမိကို (ဆွိကို) ဘုရင်မကြီးလက်ထက်ရှိတိုက တိုင်းရှိ မင်းသားကြီး ၏ ကြိုးပမ်း မှုကြောင့် ဂျပန်တပြည်လုံး မဟာယန ဗုဒ္ဓဘာသာကို ကိုယ်းကွယ်ခဲ့ကြသည် ။ ဗုဒ္ဓဘာသာကို အခြေခံ၍ ဂျပန်ပြည် အုပ်ချုပ်ရေး ဥပဒေကိုရေးဆွဲခဲ့သည် ။
တိဗက်ပြည်သို့ ဗုဒ္ဓသာသနာတော်စတင်ရောက်ရှိသည် ။ ဘုရင်ကိုးကွယ်ခံရ၍ နိုင်ငံတော်ဘာသာ ဖြစ်ခဲ့သည် ။ အရှင်သန္တရက္ခိတနှင့် ပဒုမသမ္ဘဂိတို့ ကစတင်သာသနာ ပြုခဲ့သဖြင့် တိဗက်လားမား တိဗက်လားမား ဗုဒ္ဓဘာသာစတင်ပေါ်ပေါက်ခဲ့သည် ။ လားမားဗုဒ္ဓဘာသာသည် ဆစ်ကင်းပြည် ၊ ဘူတန်ပြည် ၊ မွန်ဂိုလျပြည် ဆိုဗီယက်နိုင်ငံ များသို့ ပြန့်နှံ့ခဲ့သည် ။
မြန်မာနိုင်ငံတွင် ပုပ္ပါးစောရဟန်းမင်းက သုမုန္ဒရီမင်း ဖြိုးကြွင်းသက္ကရာဇ် ၅၆၀ ကိုချေ၍ ၂ခုကြွင်းထားကာ မြန်မာသက္ကရာဇ် ၂ နှစ်ဟုစတင်ရေတွက်သည် ။ ယနေ့လက်ရှိ မြန်မာသက္ကရာဇ် ၏အစဖြစ်သည် ။

## သာသနာနှစ် - (၁၃) ရာစု

အိန္ဒိယတပြည်လုံးရှိ ရဟန်းများသည် ဂိဏ္ဍာဂိုဏ်းသို့ဝင်ကြသည် ။ နတ်ရုတ် ၊ ဘီလူးရုတ်များကို ကန်တော့ ပွဲ ထိုး၍ ဆေးဝါးမန္တရား စီရင်ကြသည် ။ သံချိုင်း၌ နေ၍လူဦးခေါင်းခွံတွင် ထမင်း ထည့်စားသောက်ကြသည် ။ လူတို့ကိုခြောက်လှန့် ညာဖြန်းစားကြသည် ။
ဟိန္ဒူပြဟ္မဏ ဘာသာမှ ပညာရှိ ရှံကရဆရာကြီးသည် ဟိန္ဒူဘုရင်တို့၏ အကူအညီဖြင့် ဂိဏ္ဍရ -မန္တရ ဂိုဏ်းဝင် ဗုဒ္ဓဘာသာ ရဟန်းတော်များကို နှိပ်ကွပ်လေရာ အိန္ဒိယပြည်တောင် ပိုင်း၌

www.burmeseclassic.com

သာသနာကွယ်ပခဲ့သည် ။ အာရဗီစစ်ဗိုလ် မိုဟာမက်ဘိန်ကာစင်သည် ကုန္တမြစ်ဝှမ်းတဝိုက် တိုက်ခိုက် သိမ်းပိုက်သည် ။
တရုတ်ရဟန်းတော် အိဆင် (ယိကျင်)သည် ရေလမ်းခရီးဖြင့် အိန္ဒိယသို့ကြွ၍ ၂၂ နှစ်ကြာပညာသင်ကြားခဲ့သည်။ တရုတ်ပြည်တွင် မင်းညီမင်းသား မှူးမတ် သူဌေးသူကြွယ် ကုန်သည်လယ်လုပ် လူတန်းစားအားလုံးမှ ရဟန်းဝတ်သူ ၊ သီလရှင်ဝတ်သူ အလွန်များပြား သည် ။ ဂျပန်ပြည်တွင် ဘုရင်များက ဘုရားတည် ကျောင်းဆောက် ပြုလုပ်ခဲ့ကြသည် ။

## သာသနာနှစ် - (၁၄) ရာစု

တရုတ်ပြည်တွင် ဂူဆောင်ဘုရင်သည် တာအိုဘာသာဝင် ဖြစ်၍ ဘုန်းကြီးကျောင်း ပေါင်း ၄၀၀၀၀ ကျော်ဖျက်ဆီးသည်။ ရဟန်းပေါင်း ၄၆၀၀ အသတ်ခံရသည်။ ရဟန်းနှင့် သီလရှင် ၂၆၀၀၀၀ လူသတ်လဲကြရသည် ။ ကြေးစည်ခေါင်းလောင်းများကို ဒင်္ဂါးပိုက်ဆံ သွန်း ခဲ့သည်။ ဤသို့ပြုလုပ် ၍ ၂ နှစ်အကြာတွင် ဘုရင်ကြီးမကျန်းမာ၍ နှတ်ဆွံ့အ၍ စကားမပြော နိုင် ဖြစ်သွားသည် ။ ထိုအခါဘုရင်ကြီး ထိတ်လန့် ၍ အမိန့်တော်ကို ပြန်လည်ရုပ်သိမ်းပြီးလျှင် အကန့်သတ်ဖြင့် ရဟန်းပြုခွင့်ပေးသည် ။
တိဗက်ပြည်တွင် ဗုဒ္ဓသာသနာတော် ကိုတရားလွန်စွာမြှောက်ထောက်ပံ့ သော ရာလ်ပချန် ဘုရင် နတ်ရွာစံပြီးနောက် ဘုရင်လံဓရ်မသည် ဘုန်းကြီးကျောင်းများကို ဖြတ်ဆီး ၍ ပိဋကတ်ကျမ်းစာများကို မီးရှို့ သည် ။ ဗုဒ္ဓရုပ်တုများကို မြေမြှုပ်ပစ်သည် ။ ဥပုသ်စောင့်မှု ရဟန်းခံ ရှင်ပြုမှုများကို တာမြစ်ပိတ်ပင် သည် ။ ရဟန်းများကိုပြည်နှင်ဒဏ်ပေး၍ ထွက်မပြေး နိုင်သောရဟန်းများကို လူဝတ်လဲစေ၍ မုဆိုးတံငါလုပ်စေသည် ။

## သာသနာနှစ် - (၁၅) ရာစု

ပုဂံပြည်တွင် ညောင်ဦးစောရဟန်း (တောင်သူကြီး)မင်းဖြစ် ၍ ရှင်မထီးအရည်းကြီး ဂိုဏ်းကို ချီးမြှောက်ထောက်ပံ့သည် ။ အိန္ဒိယပြည် မထုရာမြို့ ဟီနယာန သဗ္ဗတ္ထိဝါဒဂိုဏ်းက တည်ထောင်ခဲ့သော ဂလဘိတက္ကသိုလ် ၊ မဂဓတိုင်း မဟာယာန ဂိုဏ်း ကတည်ထောင်ခဲ့သော နာလန္ဒတက္ကသိုလ် ၊ ဘင်္ဂါလ်နယ်ရှိ ဩဒန္တပူရီတက္ကသိုလ် ကျောင်းတိုက်ကြီးများကို ဂိဇာဂိုဏ်းဝင် အရည်းကြီး ရဟန်းများလွှမ်းမိုးလေသည် ။

## သာသနာနှစ် - (၁၆)ရာစု

ဂိက္ကမသီ လာတက္ကသိုလ်မှ ကျောင်းအုပ်ကြီး အတိဆာခေါ် ဒီပင်္ကရ သီရိညဏသည် တိဗက်ပြည်သို့ သာသနာပြုကြွသည် ။
ခိုတန်ပြည် ကို ယူဆစ်ကဒရ်ခန်ဦးဆောင်သော တူရကီစစ်တပ်ကသိမ်းပိုက်ရာ ဗုဒ္ဓသာသနာ ကွယ်ပ၍ တာကစ်စတန်နိုင်ငံ အဖြစ်သို့ရောက်သည်။
သုဂ္ဂါဘုမ္မိ သထုံပြည် တွင် မနူဟာမင်းကြီးသည် ဂိဇ္ဇာဂိုဏ်းဝင်ဘုန်းကြီးတပါးကို နန်းဦး

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ပြုကိုးကွယ်သည် ။ ဇောဂျီဖိုဂင်သားစားရလျှင် လူစွမ်းကောင်းဖြစ်နိုင်သည်ဟု မက်လုံးပြ ၍ ဂိုဏ္ဍာဂိုဏ်းက ဘုရင်ကိုစည်းရုံးထားရာ သထုံပြည်တွင်ထေရဝါဒ သာသနာ မျက်နှာ ငယ်နေရသည်။ ထိုအချိန်တွင် ရှင်အရဟံသည် သထုံမှပုဂံပြည်သို့ကြွလာ၍ သာသနာပြု ရာအနော်ရထာမင်းကြီးသည် ရှင်မထီးကြီးတို့၏ အရည်းကြီးသာသနာကို နှိပ်ကွပ် ၍ ထေရဝါဒသာသနာကို ချီးမြှောက်ထောက်ပံ့သည်။ သထုံမှကျမ်းဂန်တတ် ဆရာတော်သံဃာ တော် များနှင့် ပိဋကတ်တော်များကို ပုဂံပြည်သို့ ပင့်ဆောင်၍ ကိုးကွယ်ချီးမြှောက်ထောက် ပံ့သည်။

## သာသနာနှစ် - (၁၇) ရာစု

သီဟိုဠ်ကျွန်းတွင် ပရက္ကမဗာဟုမင်းကြီးလည်း တမီလ်နိုင်ငံကိုပါ တိုက်ခိုက်အောင်နိုင် သည်။ မဟာယန အနွယ် အဘယဂိရိတိုင်းသားများကို လူဝတ်လဲစေသည်။ သီဟိုဠ်ကျွန်းရှိ သံဃာအားလုံးကို မဟာဝိဟာရဂိုဏ်း တခုတည်းဖြစ်အောင် ပူးပေါင်းစေသည်။ သီဟိုဠ်ကျွန်း တခုလုံးတွင် ဂိုဏ်းကွဲမရှိ မဟာဝိဟာရတဂိုဏ်းတည်းသာရှိစေသည်။

အလောင်းစည်သူ မင်းကြီးလက်ထပ်တွင် သီဟိုဠ်ကျွန်းမှပြန်ကြွလာသော မြန်မာပြည် သားရဟန်းတော် အရှင်ဆပ္ပဒက ဂိုဏ်းသီးခြားတည်ထောင်သဖြင့် ပုဂံပြည်တွင် ပုရိမသံဃာ နှင့် ပစ္ဆိမသံဃာဟူ၍ နှစ်ဂိုဏ်းကွဲကြသည် ။ သထုံမှလာသော ရှင်အရဟံအနွယ်များကို ပုရိမသံဃာဟုခေါ်ကြ ၍ အရှင်ဆပ္ပဒ အဆက်အနွယ်များကို ပစ္ဆိမသံဃာ ဟုကြသည် ။ ပုဂံနှင့်သီဟိုဠ်တို့ အချင်းချင်း သာသနာရေးဆက်သွယ်မှုပြုကြသည်။

အိန္ဒိယအနောက်ပိုင်း နှင့် အလယ်ပိုင်း မဂဓတိုင်းတို့ကို တူရကီအနွယ်တို့က သိမ်းပိုက်သည် ။ နာလန္ဒတက္ကသိုလ် ၊ ဝိက္ကမသီလာတက္ကသိုလ် ၊ ဇဂ္ဂဒ္ဒလ တက္ကသိုလ် စသည်ဖြင့် ဗုဒ္ဓဘာသာ တက္ကသိုလ်ကျောင်းတော်ကြီးများ ဖျက်ဆီးခံရသည် ။ အိန္ဒိယပြည်တွင် ရဟန်းတော်များ ထောင်သောင်းချီ၍ အစုအလိုက် အပြုံလိုက် သတ်ခံကြရသည်။

## သာသနာနှစ် - (၁၈) ရာစု

ဘင်္ဂလား(ဂင်္ဂတိုင်း)ပြည် ပါလမင်းများအနေဖြင့် တိုင်းပြည်လုံခြုံမှု ကာကွယ်ရေးအတွက် ကိုးကွယ်အားထားနေသော သြဒ္ဒန္တပူရိတက္ကသိုလ် ကျောင်းကြီးအတွင်းရှိ ဂိုဏ္ဍာဘုန်းကြီးများကိုမိုဟာမေဒင်မြင်းစီးတပ် သား ၂၀၀ က သတ်ဖြတ်မီးရှို့ ဖျက်ဆီး၍ ဘင်္ဂလားတပြည်လုံးကို သိမ်းပိုက်ခဲ့သည်။ ဂိုဏ္ဍာဘုန်းကြီးများ၏ နတ်ရုပ်များ ၊ မန္တန်များ ၊ အင်းအိုင်များ ၊ ခလှဲများသည် တစုံတရာ အကာအကွယ် မပေးနိုင်သဖြင့် ဂိုဏ္ဍာဘုန်းကြီး များ၏ လိမ်ညာဂါကြွားမှု ပေါ်သွား သည် ။ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယပြည်မှ လုံးဝပြောက်ကွယ်သွားလေသည် ။

ဂျပန်ပြည်တွင် အမိတာဘုရားကိုးကွယ်သော ဂျိုဒိုဂိုဏ်းဝင် ဂျပန်မင်းမျိုးမင်းနွယ် မှ ရဟန်း ပြုသော ရှိုနင်သည် အိမ်ထောင်ပြုသောဂိုဏ်းကိုစတင်တည်ထောင်သည် ။ ထိုဂိုဏ်းကို "ရှင်" ဂိုဏ်းဟုခေါ်သည် ။ နောက်ပိုင်းတွင် ဂျပန်ပြည်ရှိ အခြားသော ဗုဒ္ဓဘာသာဂိုဏ်းဝင်

www.burmeseclassic.com

ရဟန်းများသည်လည်း "ရှင်" ဂိုဏ်းကို အတုယူအားကြ ၍ အိမ်ထောင်ပြုကြသည်။
ဤခေတ်၌ ဂျပန်ပြည် ဗုဒ္ဓဘာသာ ဘုန်းကြီးအားလုံးမှာ လူဝတ်ကြောင်များနှင့် အနေအထိုင် အကြောင့်သီလ ထူးခြားမှုမရှိချေ ၊ ဘုရားတရားကြည်ညို၍ ဘာသာရေးစာပေတတ်ကျွမ်းသူကို (ဘုန်းကြီး = ဘိုစံ) ဟုခေါ်၍ ဘာသာရေးခေါင်းဆောင်အဖြစ်အသိအမှတ်ပြုကြသည်။
ထိုင်းနိုင်ငံ သည် စစ်အင်အားကောင်းလာ၍ ကမ္ဘောဒီးယား သြဇာရိပ်မှ လွတ်ကင်းခဲ့ သည်။ ထေရဝါဒသာသနာ ကို ချီးမြှောက်ထောက်ပံ့သည်။ သီဟိုဠ် နှင့် သာသနာရေး ဆက် သွယ်မှုပြုခဲ့သည်။

## သာသနာနှစ် - (၁၉) ရာစု

မြန်မာနိုင်ငံ ပင်းယနေပြည်တော်တွင် ဂါမဝါသီရဟန်း ၊ အရညဝါသီ ရဟန်းနှင့် အရည်းကြီး အနွယ်ဝင်ရဟန်းများ အင်အားတူရှိနေခဲ့သည်။
တရုတ်ပြည်တွင် ကုဗလိုင်ခန့်မင်းကြီးသည် မဟာယနဗုဒ္ဓဘာသာနှင့် တိဗက်လားမား ဗုဒ္ဓဘာသာကို ချီးမြှင့်ထောက်ပံ့ခဲ့သည် ။ တိဗက်ပြည်ကို ရဟန်းမင်း (ဘုန်းကြီးဘုရင်)များက အုပ်စိုး ကြသည်။ အဂလောကိတေသရ ဘုရားလောင်းသည် လူဝင်စားဖြစ်လာ၍ ရဟန်း မင်းအဖြစ် အုပ်ချုပ်ရသည် ။ သာသနာပိုင်ရဟန်းမင်းကြီး သေဆုံးလျှင် အသစ်တဖန်ပြန်လည် ဝင်စား၍ ဆက်လက်အုပ်ချုပ်ရသည် ။

## သာသနာနှစ် - (၂၀) ရာစု

ထိုင်းဘုရင် သီရိဓမ္မစက္ကဝတ္တိတိလက ရာဇာဓိရာဇာသည် ဇင်းမယ်မြို့၌ သင်္ဂါယနာတင်ပွဲ ပြုလုပ်ခဲ့သည် ။
ပဲခူး ဟံသာဝတီနေပြည်တော်တွင် ဓမ္မစေတီမင်းကြီးသည် ရဟန်းတော် ၄၀ ကို သီဟိုဠ် သို့လွှတ်၍ သိက္ခာအသစ်ယူ (ရဟန်းခံ)စေသည်။ သီဟိုဠ်မှပြန်ကြွလာသော ရဟန်းသစ်များ ဖြင့် ကလျာဏီသိမ်ကြီး ကို သမုတ်သည်။ အောက်မြန်မာနိုင်ငံရှိ ရဟန်းတော်အားလုံးကို သိက္ခာ ချစေ၍ ထိုသိမ်၌ သိက္ခာအသစ်ယူ (ရဟန်းခံ)စေသည် ။ သံဃာတော်များကို ပရိယတ္တိ ၊ ပဋိပတ္တိ လုပ်ငန်း ၂ မျိုး၌ သာ အားထုတ်စေ၍ ဗေဒင်ဟော ၊ ဆေးကု ၊ စိုက်ပျိုးရေး ၊ မွေးမြူရေး ၊ စီးပွားရေး လုပ်သော ရဟန်းအားလုံးကို လူဝတ်လဲစေခြင်းဖြင့် သာသနာ တော် သန့် ရှင်းစင်ကြယ်ရေးကို ဆောင်ရွက်ခဲ့သည်။
မလ္လာယုကျွန်းဆွယ် နှင့်သုဝဏ္ဏဒီပခေါ် အင်ဒိုနီးရှား နိုင်ငံ၌ အာရပ်သဘောင်္သား ကုန် သည် များရောက်ရှိ ၍ အစ္စလမ်သာသနာပြုကြသည် ။

## သာသနာနှစ် - (၂၁) ရာစု

www.burmeseclassic.com

အင်ဒိုနီးရှားနှင့် မလေးရှားကျွန်း ဗုဒ္ဓသာသနာတော်ကွယ်ပ၍ အစ္စလမ်သာသနာ ထွန်းကားလာသည် ။
အင်းဝနေပြည်တော်တွင် သိုဟန်ဘွားနန်းစံ ၍ ရဟန်း ၃ဝဝဝ ခန့်သတ်ဖြတ်ခံရသည် ။
ပိဋကတ်ကျမ်း စာများကိုမီးတိုက်သည်။

## သာသနာနှစ် - (၂၂) ရာစု

သီဟိုဠ်ကျွန်းတွင် ပထမရာဇ သီဟာဘုရင်သည် ဖခင်ကို သတ်၍ နန်းတက်သည် ။
ရဟန်းများကို သတ်၍ ပိဋကတ်ကျမ်းဂမ်တို့ကို မီးရှို့သည် ။ ထို မင်းနန်းကျ ၍ ဝိမလဓမ္မသူရိယ မင်းလက်ထက်၌ ယိုးဒယားနှင့် ရခိုင်မှ သံဃာတော်များ ပင့်၍ သီဟိုဠ် ၌ သာသနာကိုပြန်လည် အသက်ဆက်ရသည် ။
မြန်မာနိုင်ငံ တွင်ဇင်ကာသည် သန်လျင်၌ အခြေစိုက်၍ ဘုရားပုထိုးများဖျက်သည် ။
ဗုဒ္ဓဘာသာဝင် လူထုကို ဘုရင်ဂျီ ဘာသာသို့ အဓမ္မသွတ်သွင်းခဲ့သည် ။

## သာသနာနှစ် - (၂၃) ရာစု

တရုတ်ပြည်တွင် မန်ချူး မင်းဆက် ကန်ဆီ ဘုရင် ကရဟန်းတပါးလျှင် သာမဏေတပါး သာ ထားခွင့်ပြု သည် ။ ကျောင်းတိုက်ကြီးများ၌ သာရဟန်းခံခွင့် ပြုသည် ။ မြန်မာနိုင်ငံ ဗုဒ္ဓ သာသနာတော် တွင် တံ့ဂိုဏ်း ရုံဂိုဏ်း ကွဲပြားခဲ့သည် ။

## သာသနာနှစ် - (၂၄) ရာစု

သီဟိုဠ်ကျွန်းသည် အင်္ဂလိပ်လက်အောက် သို့ကျရောက်ခဲ့သည် ။ ဘိုးတော်မင်း တရားကြီး လက်ထပ်တွင် သီဟိုဠ်ကျွန်းမှ ရဟန်းများသည် အမရပူရနေပြည်တော်သို့ ကြွလာ ၍ သိက္ခာ တင်ကြသည် ။ သီဟိုဠ်သို့ပြန်၍ အမရပူရဂိုဏ်း သီးခြားတည်ထောင်သည် ။
ယိုးဒယားပြည် တွင် အယုဒ္ဓယမြို့ပျက်ဆီးပြီးနောက် သင်္ဂါယနာတင်ပွဲကို တနှစ်ကြာ ပြုလုပ်ကြင်းပခဲ့သည်။

## သာသနာနှစ် - (၂၅) ရာစု

မန္တလေးနေပြည်တော်တွင် မင်းတုံးမင်းတရားကြီး ၏ အထောက်အပံ့ခံယူ ၍ ပဥ္စမသင်္ဂါ ယနာတင်ခဲ့သည် ။
ဂျပန်ပြည်တွင် မေဂျီဘုရင်ခေတ်၌ ဘာသာတရားအားလုံး ကို တန်းတူညီမျှ လွတ်လပ် ခွင့် ပြုလိုက်ရာ ဗုဒ္ဓဘာသာအားနည်း၍ ရှင်တို ဘာသာ အားကောင်းလာသည် ။
တရုပ်ပြည်တွင် ဒေါက်တာဆွန်ယက်ဆင် ဦးစောင်၍ သမ္မတနိုင်ငံထူထောင်ပြီး သောအခါ ဘုန်းကြီးကျောင်းများကို ပြည်သူပိုင် အဖြစ်သိမ်း၍ စာသင်ကျောင်းပြုလုပ်ရာ ပြည်သူတို့ က မကျေ နပ် သဖြင့် အလျှော့ပေးခဲ့ ရသည် ။ မြန်မာနိုင်ငံတွင် မြန်မာ ၊ သီဟိုဠ် ၊ ယိုးဒယား ၊ ကမ္ဘောဒီးယား ၊ လာအို ၊ ထေရဝါဒ ၅ နိုင်ငံစုပေါင်း ၍ ဆဋ္ဌသင်္ဂါယနာတင် ပွဲကြီး ကျင်းပခဲ့ သည် ။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် သာသနာ ၂၅၀၀ အကျဉ်း ပြီး၏ ။

/မောင်ဇော်မင်းအောင်

*မောင်အံ {သကျသီဟဓမ္မစရိယ ၊ ပါဠိပါရဂူ ၊ မဟာဂိဇာ (ဘုံဘေ)} ရေးသားသော ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး (ပဉ္စမတွဲ) မှ မူရင်းအတိုင်း ကူယူတင်ပြ သည် *

စေတနာ ။ ။ typing နေးတာကြောင့် ၂၁ နာရီကြာ မအိပ်ပဲ စာရိုက်ကူးပေးခဲ့ သည့် ဒါနကုသိုလ်စေတနာကြောင့် စာဖတ်သူအပေါင်း ထေရဝါဒ ဗုဒ္ဓသာသနာ ကို ရေရှည် တည်တံ့အောင် အကျိုးဆောင်နိုင်ကြသော အမျိုးကောင်းသား ၊ အမျိုးကောင်းသမီးများ ဖြစ်ကြပါစေ သား ။

စာလုံးပေါင်း သတ်ပုံ အမှားပြင်ပေးခဲ့တဲ့ ညီမငယ် နန်းဟန်လီ လဲကျေးဇူးအထူးတင်ပါတယ် ။

ပြန်သိမ်းရန်

www.burmeseclassic.com